**Q1. မဂ်တား၊ ဖိုလ်တား အန္တရာယ် (၅) ပါး ကို ရှင်းပြပေးပါ။**

**A1.** မဂ်အလုပ်၊ ဖိုလ်အလုပ် အားထုတ်ကြတဲ့နေရာမှာ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်နဲ့ မထိုက်တန်အောင် တားမြစ်နှောင့်ယှက် အကန့်အကွက် ပြုတတ်တဲ့ အန္တရာယ်ကြီး (၅) ပါးရှိပါတယ်။

ဒီအန္တရာယ် (၅) ပါးကတော့ -

(၁) ကမ္မ + အန္တရာယ် = ကမ္မန္တရာယ်

(၂) ကိလေသာ + အန္တရာယ် = ကိလေသန္တရာယ်

(၃) ဝိပါက + အန္တရာယ် = ဝိပါကန္တရာယ်

(၄) အရိယူပဝါဒ + အန္တရာယ် = အရိယူပဝါဒန္တရာယ်

(၅) အာဏာဝိတိက္ကမအန္တရာယ် (ဝါ) ပညတ္တိ ဝိတိက္ကမ အန္တရာယ် တို့ဖြစ်ပါတယ်။

**(၁) ကမ္မန္တရာယ်ဆိုတာတွေဟာ**

(က) အမိကိုသတ်ခြင်း - မာတုဃာတကကံ၊

(ခ) အဖကိုသတ်ခြင်း - ပီတုဃာတကကံ၊

(ဂ) ရဟန္တာကိုသတ်ခြင်း - အရဟန္တဃာတကကံ၊

(ဃ) ဘုရားကို သွေးစိမ်းတည်အောင်ပြုခြင်း - လောဟိတုပ္ပါဒကကံ၊

(င) သံဃာသင်းခွဲခြင်း - သံဃဘေဒကကံ လို့ (၅) ပါးရှိပါတယ်။

အကယ်၍ ဒီကံကြီး (၅)ပါးထဲမှ တစ်ပါးပါးကို ကျူးလွန်မိထားရင် မဂ်အလုပ်၊ ဖိုလ်အလုပ်ဖြစ်တဲ့ ဝိပဿနာအလုပ်ကို ဘယ်လိုပင် အားထုတ်ငြားသော်လည်း မိမိကျူးလွန်ထားတဲ့ ကံကြီးက မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ မထိုက်တန်အောင် တားမြစ်ထားပြီး ဖြစ်နေ၍ ဒီဘဝမှာတော့ မဂ်ဖိုလ်ကို မရနိုင်တော့ပါဘူး။

အထက်ပါကံကြီး (၅)ပါးထဲမှ တစ်ပါးပါးကို ကျူးလွန်ထားပြီး ဖြစ်နေပါက လေးသောကံ (ဝါ) ဂရုကံ ဖြစ်ခြင်းကြောင့် ထိုကံကို ပပျောက်အောင် ကုစား၍လည်း မရနိုင်တော့ပါ။ ငရဲကြီး (၈)ထပ်မှာ အောက်ဆုံးထပ်ဖြစ်သော မဟာအဝီစိငရဲကြီးသို့ ကျမှာသေချာပါတယ် လို့လည်း မှတ်ယူထားကြစေချင်ပါတယ်။

**(၂)ကိလေသန္တရာယ်**

ကိလေသန္တရာယ်ဆိုရာမှာ အထူးအားဖြင့်တော့ ဒိဋ္ဌိကိလေသာ အန္တရာယ်ကို အဓိကရည်ညွှန်းခြင်း ဖြစ်ပါတယ်။

ကိလေသာ(၁၀)ပါး (ဝါ) (၁၄)ပါးထဲမှ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ကိလေသာတို့ကတော့ မဂ်ဖိုလ်ကို ဇောက်တားနိုင်တယ်။ အပါယ်လေးပါး သို့လည်း မြဲသောအားဖြင့် တွန်းချတဲ့သဘောရှိတယ်လို့ မှတ်ပါ။

ဒိဋ္ဌိဟာ အကျဉ်းအားဖြင့် ရုပ်နာမ်ခန္ဓာကို ခိုင်တယ် မြဲတယ်လို့ အယူရှိတဲ့ သဿတဒိဋ္ဌိ၊ ရုပ်နာမ်ခန္ဓာသည် သေပြီးရင် ပြတ်သွားတာပဲ နောက်ထပ်ဘာမျှ အဆက်မလာတော့ဘူးလို့ အယူရှိတဲ့ ဥစ္ဆေဒဒိဋ္ဌိလို့ (၂)ပါးသာ ရှိပါတယ်။ အကျယ်အားဖြင့် သဿတဒိဋ္ဌိ (၅၅)ပါး၊ ဥစ္ဆေဒဒိဋ္ဌိက (၇)ပါး ရှိလို့ ဒိဋ္ဌိအပြား (၆၂)ပါး ရှိပါတယ်။

ဒီ ဒိဋ္ဌိတွေပေါ်မှာ ခေါင်းဆောင်နေတာကတော့ ရုပ်၊ နာမ် ခန္ဓာကို ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ လို့ အယူရှိတဲ့ သက္ကာယဒိဋ္ဌိပဲ ဖြစ်ပါတယ်။

(၆၂)ပါးသော ဒိဋ္ဌိထဲက ဘယ်ဒိဋ္ဌိပဲရှိရှိ အဲဒီ ဒိဋ္ဌိက အားထုတ်ဆဲဖြစ်သော ဝိပဿနာအလုပ် (ဝါ) မဂ်အလုပ်၊ ဖိုလ်အလုပ် ကို ခရီး မပေါက်အောင် အဆီးအတားပြုတာချည်းပဲလို့ မှတ်ယူရမှာ ဖြစ်ပါတယ်။

ဒီ ဒိဋ္ဌိအယူဟူသမျှကလည်း ခန္ဓာ့ ပဋိစ္စသမုပ္ပါဒ်ကို နားလည်မှသာလျှင် ပြုတ်နိုင်ပါတယ်။

ဒါကြောင့် ခန္ဓာ့ ပဋိစ္စသမုပ္ပါဒ်ကို သင်ပြ၍ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို ဉာတပရိညာအားဖြင့် ဟုတ်တိုင်းမှန်စွာ ဖြုတ်ပေးတတ်တဲ့ ဆရာသမား ကောင်းမျိုးကို မှီဝဲဆည်းကပ်ရပါလျှင် ဒိဋ္ဌိကိလေသာ အန္တရာယ်မှ လွန်နိုင်မည်လို့ မှတ်ယူရပါမယ်။

## (၃) ဝိပါကန္တရာယ်

ဝိပါက အန္တရာယ်နဲ့ ပတ်သက်လို့ မိမိတို့၏ ဝိပါက အကျိုးပေးကိုက မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်နဲ့ မထိုက်တန်လေအောင် တားဆီးခြင်း ခံရတဲ့ ပုဂ္ဂိုလ်တွေ ရှိပါတယ်။ ထိုပုဂ္ဂိုလ်တွေကတော့ -

(က) ငရဲ (ခ) တိရစ္ဆာန် (ဂ) ပြိတ္တာ (ဃ) အသူရကာယ် (င) ပုထုဇဉ် အရူပပြဟ္မာ (စ) အသညသတ်ပြဟ္မာ (ဆ) ဒွိဟိတ်ပုဂ္ဂိုလ် (ဇ) သုဂတိ အဟိတ်ပုဂ္ဂိုလ် (၇)ယောက်တို့ပဲ ဖြစ်ပါတယ်။

ဒီအထဲမှာ သုဂတိ အဟိတ်ပုဂ္ဂိုလ် (၇)ယောက်ဆိုတာတွေကတော့ -
(၁) ဇစ္စန္ဓ ပုဂ္ဂိုလ် = အမိဝမ်းတွင်းက မျက်စိကန်းလာသောသူ (၂) ဇစ္စန္ဓ ဗဓိရပုဂ္ဂိုလ် = အမိဝမ်းတွင်းက နားကန်းလာသောသူ (၃) ဇစ္စမူဂ ပုဂ္ဂိုလ် = အမိဝမ်းတွင်းက ဆွံ့အလာသောသူ (၄) ဇစ္စဇဠ ပုဂ္ဂိုလ် = အမိဝမ်းတွင်းက တောင်မြောက်ကိုမှ

မမှတ်မိနိုင်လောက်အောင် ထိုင်းမှိုင်းလာသောသူ (၅) ဇစ္စမူဠှတ္တက ပုဂ္ဂိုလ် = အမိဝမ်းတွင်းက ရှုံးနှမ်းလာသောသူ (၆) ပဏ္ဍုတ် = ယောကျ်ားမဟုတ်၊ မိန်းမ မဟုတ်သောသူ (၇) ဥဘတောဗျည်း = ယောကျ်ားတစ်လှည့်၊ မိန်းမတစ်လှည့်ဖြစ်သောသူ (ဝါ) ယောကျ်ားအင်္ဂါ၊ မိန်းမအင်္ဂါ နှစ်မျိုးစုံ ပါသောသူ

အထက်ပါပုဂ္ဂိုလ်တို့သည် မိမိတို့၏ အကျိုးပေး ဝိပါကကိုက မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် နှင့် မထိုက်တန်လေအောင် အတားအဆီး ပြုထားပြီး ဖြစ်နေသောကြောင့် ကုစား၍လည်း မရနိုင်တော့ပါ။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် လည်း မရနိုင်ရှာသောသူများ ဟု မှတ်ယူပါ။

## (၄) အရိယူပဝါဒန္တရာယ်

အရိယူပဝါဒ အန္တရာယ်ဆိုတာကတော့ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ဟုဆိုအပ်သော အရိယာပုဂ္ဂိုလ်တို့ အပေါ်၌ ကာယကံ၊ ဝစီကံ၊ မနောကံ ဆိုသော ကံ (၃)ပါးတို့တွင် တစ်ပါးပါးသောကံဖြင့် ပြစ်မှားကျူးလွန်မိသည်ရှိသော် ထိုသူသည် မဂ်အလုပ်၊ ဖိုလ်အလုပ်ကို ဘယ်လိုပင် ကြိုးစားအားထုတ်ငြားသော်လည်း ခရီးမပေါက်နိုင်ပါ။

ဒီ အရိယူပဝါဒ အန္တရာယ်မှာ ပုထုဇဉ် ပုဂ္ဂိုလ်က အရိယာပုဂ္ဂိုလ်ကို ပြစ်မှားခြင်းကြောင့်သာ မဂ်ဖိုလ်ကို တားရုံမဟုတ်သေးပါဘူး။ အောက်အရိယာပုဂ္ဂိုလ်က အထက်အရိယာပုဂ္ဂိုလ်ကို ပြစ်မှားမိရင်လည်း အထက်တစ်ဆင့်ကို ဆက်လက်မတက်နိုင်အောင် တားတာပဲလို့ မှတ်ယူရပါမယ်။

သို့သော် မိမိပြစ်မှားထားတဲ့ ပုဂ္ဂိုလ်အပေါ်၌ ဝန်ချတောင်းပန်ပြီးပြီဆိုရင်တော့ အပြစ်မှ ကျေအေးပပျောက်သွားပြီဖြစ်၍ အားထုတ်ဆဲ ဖြစ်သော မဂ်အလုပ်၊ ဖိုလ်အလုပ်ကို ဆက်လက်ပြီး မတားတော့ပါ။

သို့ဖြစ်၍ ဒီ အရိယူပဝါဒ ကံကတော့ ကုစားလို့ရနိုင်သည့် ကံ ဟု မှတ်ယူရပါမယ်။

အခုရှင်းပြခဲ့ပြီးတဲ့ မဂ်တား၊ ဖိုလ်တား အန္တရာယ်ကြီး (၄)ပါးတို့ကတော့ လူရော၊ ရဟန်းရော သက်ဆိုင်တဲ့ အန္တရာယ်ကြီးတွေပဲ ဖြစ်ပါတယ်။

## (၅) အာဏာဝိတိက္ကမအန္တရာယ် (ဝါ) ပညတ္တိဝိတိက္ကမအန္တရာယ်

ဒီ အာဏာဝိတိက္ကမ အန္တရာယ် (ဝါ) ပညတ္တိဝိတိက္ကမ အန္တရာယ် ဆိုတာကတော့ လူတို့နှင့် မသက်ဆိုင်၊ ဘုရားသားတော် ရဟန်း တို့နှင့် သာလျှင် သက်ဆိုင်တဲ့ မဂ်တား၊ ဖိုလ်တား အန္တရာယ် တစ်ပါးပဲ ဖြစ်ပါတယ်။

အဓိပ္ပါယ်ကတော့ - ဘုရားကိုယ်တော်မြတ်ကြီးက တပည့်သားရဟန်းသံဃာတွေ လိုက်နာကျင့်ကြံစရာ အဖြစ်နဲ့ အမိန့်အာဏာထား၍ ဆုံးမပညတ်တော်မူခဲ့တဲ့ သီလကြီး (၄) ပါး (ဝါ) စတုပါရိသုဒ္ဓိ သီလ သိက္ခာပုဒ်တော်တွေကို လိုက်နာကျင့်ကြံဖို့ ပျက်ကွက်ကျူးလွန်ခဲ့တဲ့ ရဟန်းဟာ ထိုအပြစ်ကို စင်ကြယ်အောင် မကုစားဘဲနဲ့ မဂ်အလုပ်၊ ဖိုလ်အလုပ်တွေကို ဘယ်လိုပင် အားထုတ်ငြားသော်လည်း ဘုရားအာဏာတော်ကို ကျူးကျော်စော်ကားမိသည့် ပြစ်မှုကြီးက မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်နဲ့ မထိုက်တန်အောင် အန္တရာယ်ပြုသောအားဖြင့် တားဆီးနှောင့်ယှက် ကန့်ကွက်သမှု ပြုနေမည်သာဖြစ်ပါတယ်။

အကယ်၍ မိမိကျူးလွန်ပြီးတဲ့ အပြစ်ကို ဆိုင်ရာဒေသနာကံ အလိုက် စင်ကြယ်အောင် ကုစားပြီးပြန်ရင်လည်း မဂ်တား၊ ဖိုလ်တား အန္တရာယ် အဖြစ်မှ ကင်းလွတ်တော့သည်သာဟု မှတ်ပါ။

ထို့ကြောင့် ဒီ အာဏာဝိတိက္ကမ အန္တရာယ် (ဝါ) ပညတ္တိဝိတိက္ကမ အန္တရာယ် ဆိုတာသည် ဘုရားသားတော် ရဟန်းတွေအဖို့ မဂ်တား၊ ဖိုလ်တား အန္တရာယ်ဘေးမှ ကင်းဝေးပါစေခြင်းငှာ ကုစား၍ ရနိုင်ကောင်းသော အန္တရာယ်ဟုသာ မှတ်ယူရမှာဖြစ်ပါတယ်။

(ဆရာတော် ဦးသုမန)